# ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မိတ်ဖက်များအတွက် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း နှင့် အလွဲသုံးစားပြုခြင်းမှ တားဆီးကာကွယ်ရေး (PSEA) အခြေခံသင်တန်း အစီရင်ခံစာ

၁၄ ရက် ဇန်နဝါရီလ ၂၀၂၂

## နိဒါန်း

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် PSEA ကွန်ရက်ကို တည်ထောင်ရန် ၂၀၂၀ ခုနှစ် အောက်တိုဘာလကပင် စတင်ရန် ကြိုးစားခဲ့သော်လည်း အခြေအနေ အရပ်ရပ်ကြောင့် အကောင်အထည် မဖော်နိုင်ခဲ့ပေ။ PSEA နိုင်ငံအဆင့် ကွန်ရက်၏ တောင်းဆိုချက်အရ UNOCHA ၊ UNFPA နှင့် PSEA နိုင်ငံအဆင့်ကွန်ယက် ညှိနှိုင်းရေးမှူးတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်မြောက်ပိုင်း တွင် PSEA ကွန်ရက်၏ ပထမဆုံးအကြိမ် အစည်းအဝေးကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် အွန်လိုင်း မှ တဆင့် ကျင်းပနိုင်ခဲ့သည်။ ထိုအစည်းအဝေးတွင် PSEA အမျိုးသားကွန်ရက် ညှိနှိုင်းရေးမှူးက PSEA ကွန်ရက်သည် ရှိသောနေရာများ၊ ၎င်းတို့၏ လက်ရှိလည်ပတ်နေပုံ စသည်ကို ရှင်းပြပြီးနောက် ကွန်ရက်၏တာဝန်နှင့်ဝတ္တရားများ (TOR) ရေးဆွဲခြင်း၊ ကွန်ရက်ဥက္ကဌ ရွေးချယ်ခြင်းနှင့် အစီရင်ခံခြင်း အပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်း ရှိ PSEA ကွန်ရက်ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည် ။ "Together Project" ကို အကောင်အထည်ဖော်နေသော Malteser International ၏ မိတ်ဖက်ဖြစ်သော ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်း (National NGO) ဖြစ်သည့် စိုပြေမြန်မာမှ PSEA အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်လိုကြောင်း ပြောကြားခဲ့ပါသည် ။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် PSEA ကွန်ရက် ဖွဲ့စည်းရန် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ကွန်ရက်ကို UNOCHA ၊ UNFPA နှင့် စိုပြေမြန်မာတို့မှ ပူးတွဲ ဥက္ကဌ အဖြစ်တာဝန်ယူကြမည် ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည် ။ တက်ရောက်သူများမှ PSEA နှင့် GBV ကွဲပြားခြားနားချက် တွင် ရှုပ်ထွေးနေသောကြောင့် PSEA အခြေခံသဘောတရား သင်တန်းကို စီစဥ်ပေးပါရန် အကြံပြုခဲ့ကြသည် ။ အဖွဲ့ဝင်များ သည် GBV သင်တန်းများကို တက်ရောက်ဖူးသောကြောင့် GBV နှင့်ပတ်သက်သော ဗဟုသုတ များကို သိနားလည်ကြပြီး ဖြစ်သောကြောင့် PSEA အခြေခံသဘောတရားသင်တန်းတွင် GBV နှင့် PSEA ကြား သိသာထင်ရှားသော ခြားနားချက်ကို အဓိကထားရှင်းပြပေးသင့်ကြောင်း တင်ပြကြသည် ။ လုပ်ဆောင်ချက်အနေဖြင့် PSEA စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများပြုလုပ်နိုင်ရန် သတင်းအချက်အလက်များကို UNOCHA နှင့် စိုပြေမြန်မာ မှ ကောက်ယူပြီး အမျိုးသားအဆင့် PSEA ညှိနှိုင်းရေးမှူးထံသို့ မျှဝေမည်ဖြစ်သည်။ အဖွဲ့အစည်း အသီးသီးမှ PSEA ကို တာဝန်ယူလုပ်ဆောင်မည့်ပုဂ္ဂိုလ်များကို သတ်မှတ်ပြီး စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဥ်ကို ရေးဆွဲပြီးမှသာလျှင် ကွန်ရက်အစည်းအဝေးကို နောက်တကြိမ်ကျင်းပမည်ကြောင်းသဘောတူခဲ့ကြသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း PSEA ပူးတွဲဥက္ကဌများသည် ၂၀၂၂-၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်နှင့် ၂၀၂၁ ခုနှစ်အောက်တိုဘာလ ၆ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် ကွန်ရက်အစည်းအဝေးမှ လုပ်ဆောင်ချက်များကို ဆွေးနွေးခဲ့ကြသည် ။ ကွန်ရက်လုပ်ဆောင်ချက်အစီအစဥ်မူကြမ်း (action plan) အား နိုင်ငံအဆင့် PSEA ကွန်ရက်မှ စီစဥ်ကျင်းပသည့် PSEA နိုင်ငံလုံးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်အလယ်ပိုင်း၊ အရှေ့တောင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းစသော ဒေသအသီးသီးမှ ကွန်ရက်များအကြားတွင် တင်ပြခဲ့ပါသည် ။ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အေဂျင်စီများအကြား (inter-agency) PSEA ညှိနှိုင်းရေးမှူး အသစ် ၊ နိုင်ငံအဆင့် ညှိနှိုင်းရေးမှူး နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း PSEA ပူးတွဲ ဥက္ကဌ တို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း PSEA ကွန်ရက်၏ လက်ရှိ အခြေအနေ နှင့် ရှေ့ဆက် လုပ်ဆောင်ရမည့် အစီအစဥ်များကို ဆွေးနွေးခဲ့ကြသည် ။ ဆွေးနွေးမှုတွင် လုပ်ဆောင်ချက် အစီအစဥ်မူကြမ်း နှင့် ရည်ညွှန်းချက်များ ၊

ရှေ့ဆက်သွားမည့် သဘောတူညီချက်များ ပါဝင်ပါသည်။ နိုင်ငံအဆင့် PSEA ညှိနှိုင်းရေးမှူး၏ ပံ့ပိုးကူညီမှုဖြင့် အွန်လိုင်း PSEA အခြေခံမိတ်ဆက်သင်တန်းကို အတိုချုံးကျင်းပရန်လည်း ဆွေးနွေးခဲ့ပါသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့ကျင်းပသောပထမအကြိမ် ကွန်ရက်အစည်းအဝေးမှ သဘောတူညီချက်အတိုင်း PSEA အခြေခံမိတ်ဆက်သင်တန်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

# ရည်ရွယ်ချက်

သင်တန်းတွင် PSEA ၏ အခြေခံဗဟုသုတများ သိရှိစေရန် ရည်ရွယ်ပါသည် ။ အဓိက ရည်ရွယ်ချက် များမှာ -

(က) PSEA ၏ အခြေခံသဘောတရားများဆိုင်ရာ အသိပညာပေးနိုင်ရန်


(ခ) PSEA နှင့် GBV ကြား ကွဲပြားမှုများကို သိရှိစေရန်


# နည်းစနစ်

နိုင်ငံအဆင့် PSEA ညှိနှိုင်းရေးမှူး မှ သင်တန်းကို အွန်လိုင်းမှ သင်ပြပြီး သင်တန်းတစ်ခုလုံးကို မြန်မာဘာသာဖြင့် ပို့ချပေးခဲ့ပါသည်။ သင်တန်းတွင် PowerPoint တင်ပြမှုများ၊ ဗီဒီယိုများ၊ အဖွဲ့လိုက်လုပ်ဆောင်မှုများနှင့် အပြန်အလှန်ဆွေးနွေးမှုများကို အသုံးပြုခဲ့သည်။ သင်တန်းသားများအား Presentation ၊ အပြန်အလှန်ဆွေးနွေးမှုများ နှင့် အဖွဲ့လိုက်လှုပ်ရှားမှုများဖြင့် လေ့ကျင့်စဉ်အတွင်း တက်ကြွစွာပါဝင်ရန် တွန်းအားပေးခဲ့ပါသည်။

# တက်ရောက်သူများ

တက်ရောက်သူများတွင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူသားချင်းစာနာမှုအဖွဲ့အစည်းများမှ PSEA ကို တာဝန်ယူလုပ်ဆောင်မည့်ပုဂ္ဂိုလ်များနှင့် အခြားစိတ်ပါဝင်စားသူများ ကွင်းဆင်းဝန်ထမ်းများ ပါဝင်ပါသည်။ တက်ရောက်သူ စုစုပေါင်း ၉၆ ဦး၊ ကုလသမဂ္ဂ အဖွဲ့အစည်း ၁၁ ဖွဲ့၊ နိုင်ငံတကာ NGO များမှ ၄၄ ဦး၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ၅ဦး၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများမှ ၃၀ဦး နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ၆ဦး တို့ ဖြစ်သည်။ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တက်ရောက်သူစုစုပေါင်း၏ ၆၆ ရာခိုင်နှုန်း အမျိုးသမီးဝန်ထမ်းများဖြစ်ပြီး ကျန် ၃၁ ရာခိုင်နှုန်းမှာ အမျိုးသားဝန်ထမ်းများ ဖြစ်ကြသည်။



## သင်တန်းတက်ရောက်သူများထံမှ အကြံပြုချက်များ

သင်တန်းတက်ရောက်သူများအား PSEA အခြေခံဗဟုသုတကို စမ်းသပ်ရန်အတွက် စစ်တမ်းမေးခွန်းဆယ်ခု မေးခြင်းဖြင့် သင်တန်းအဖွင့်ကို စတင်ခဲ့သည် ။ တက်ရောက်သူ ၉၆ ဦး အနက် ၇၆ ဦး က စစ်တမ်းကို ဖြေကြားခဲ့သည် ။ စစ်တမ်း၏ ရှာဖွေတွေ့ရှိမှု ရလဒ်အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ IV တွင် ဖော်ပြထားပါသည်။ ဤစစ်တမ်းသည် သင်တန်းအဖွင့်တွင် ပြုလုပ်သည့် အလွန်ကောင်းမွန်သည့် လေ့ကျင့်ခန်းတခုဖြစ်ပြီး စစ်တမ်း ရလဒ်ကိုလည်း အချိန်တိုတွင်း သိရှိနိုင်သည်ဟု သင်တန်းသားများက မှတ်ချက်ပြုကြသည်။ ရလဒ်အပေါ်အခြေခံ၍ သင်တန်းနည်းပြသည် သင်တန်းပို့ချက်ရာတွင် လိုအပ်သလို ချိန်ညှိနိုင်သည်။

(၁) စစ်တမ်းဖြေဆိုသူ ၇၀ ရာခိုင်နှုန်းသည် ၎င်းတို့၏အဖွဲ့အစည်းသို့ ဝင်ရောက်စဉ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းမှ တားမြစ်ထားကြောင်း ဖော်ပြထားသည့် စာတမ်းကို ဖတ်ပြီး လက်မှတ်ရေးထိုးသင့်သည်ဟု ထင်မြင်ကြပြီး ၁၉ ရာခိုင်နှုန်းက လက်မှတ်မထိုးဘဲ အခြား ၁၁ ရာခိုင်နှုန်းက မသိရှိကြောင်း ဖြေဆိုကြသည် ။

(၂) စစ်တမ်းဖြေဆိုသူ ၆၀ ရာခိုင်နှုန်းသည် ၎င်းတို့၏အဖွဲ့အစည်းအတွက် စတင်အလုပ်လုပ်ခဲ့သော အချိန်မှစ၍ PSEA သင်တန်းကို တက်ရောက်ခဲ့ပြီး ကျန် ၄၀ ရာခိုင်နှုန်းမှာ သင်ယူခြင်း မရှိကြောင်း ဖြေဆိုကြသည် ။

(၃) ဖြေဆိုသူ ၆၈ ရာခိုင်နှုန်းသည် PSEA ကိစ္စများကို တိုင်ကြားရမည့်နေရာကို သိသော်လည်း အခြား ၃၂ ရာခိုင်နှုန်းမှာ မသိရှိ ကြောင်း ဖြေဆိုကြသည် ။

(၄) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်သားတစ်ဦးအနေဖြင့် အကျိုးခံစားခွင့် ရှိသူတို့ အပေါ် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ ပြုမူသောအခါ သို့မဟုတ် လက်ခံနိုင်ဖွယ်ရာမရှိသော လိင်ပိုင်းဆိုင်ရာ ပတ်သက်မှုများ ပြုလုပ်သော အခါ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည်များကို ဖြေဆိုသူ ၃၈ ရာခိုင်နှုန်းက သိရှိနားလည်ထားသော်လည်း အခြား တက်ရောက်လာသူများက ဖြစ်နိုင်ချေအားလုံးကို မရွေးချယ်ခဲ့ပါ ။ ၂ ရာခိုင်နှုန်းကလည်း သက်ရောက်မှု မရှိဘူး လို့ ထင်မြင်ကြသည်။

(၅) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်သားတစ်ယောက် အနေဖြင့် လိင်ကိစ္စအတွက် ပတ်သက်နိုင်သော လူတစ်ယောက်အတွက် အနိမ့်ဆုံးပြည့်မီရမည့် အသက်ကို ၁၈ နှစ်ဟု ဖြေဆိုသူ ၇၅ ရာခိုင်နှုန်း ၊ ၈ ရာခိုင်နှုန်းက မြန်မာနိုင်ငံမှ ပြဋ္ဌာန်းထားသော လိင်ကိစ္စအတွက် အလိုတူနိုင်သော အသက်ဟု ယူဆကြပြီး၊ ကျန်၈ ရာခိုင်နှုန်းမှာ ၁၆ နှစ်ဟု လည်းကောင်း ၊ ကျန် ၉ ရာခိုင်နှုန်းက မသိရှိကြကြောင်း ဖြေဆိုကြသည်။

(၆) ဖြေဆိုသူ ၆၂ ရာခိုင်နှုန်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်သားတစ်ဦးအနေဖြင့် လိင်လုပ်သားများ (ပြည့်တန်ဆာ) နှင့် အခကြေး ငွေပေးကာ လိင်ဆက်ဆံခွင့်မရှိဟု သိထားကြသော်လည်း ၁၉ ရာခိုင်နှုန်းမှာ ၎င်းတို့တွင် အခွင့်အရေးရှိသည်ဟု ထင်ကြပြီး ကျန် ၁၉ ရာခိုင်နှုန်းက မသိကြကြောင်း ဖြေဆိုကြသည် ။

(၇) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုမူမှုများတွင် ဖြစ်သည်ဟု သံသယရှိပါက ဖြေဆိုသူ ၇၅ ရာခိုင်နှုန်းသည် ၎င်းတို့တွင် အချက်အလက်အားလုံးမရှိသော်လည်း ၎င်းတို့၏အဖွဲ့အစည်းသို့ တိုင်ကြားမည်ဖြစ်ပြီး အခြား ၄၂ ရာခိုင်နှုန်းသည် တိုင်ကြားမှုမပြုလုပ်မီ ၎င်းတို့ကိုယ်တိုင် စုံစမ်းစစ်ဆေးရန် ရွေးချယ်မည်ဖြစ်သည်။

(၈) ၇၁ ရာခိုင်နှုန်းသည် ၎င်းတို့ သို့မဟုတ် ၎င်းတို့၏ အဖွဲ့အစည်းအား ဝန်ထမ်းများ၏ လုပ်ငန်းကျင့်ဝတ်နှင့် ပတ်သက်၍ အသိုင်းအဝိုင်းအား အသိပေးကြောင်း သိရပြီး ကျန် ၈ ရာခိုင်နှုန်းမှာ သတင်းမပေးဘဲ ကျန် ၂၁ ရာခိုင်နှုန်းက မသိရှိကြောင်း သိရသည်။

(၉) ၉၆ ရာခိုင်နှုန်းက အကျိုးခံစားခွင့်ရှိသူသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုကိစ္စကို ဘေးကင်းစွာ တိုင်ကြားရန် လုံခြုံသောနည်းလမ်းရှိသည်ဟု ထင်မြင်သော်လည်း တိုင်ကြားမှုလမ်းကြောင်းများကို မသုံးနိုင်ဟု ၄ ရာခိုင်နှုန်းက ယူဆကြသည်။

(၁၀) ၉၄ ရာခိုင်နှုန်းက ၎င်းတို့၏အဖွဲ့အစည်း၏ ခေါင်းဆောင်မှု သို့မဟုတ် အကြီးတန်း အုပ်ချုပ်ရေးမှူးများမှ SEA နှင့် ပတ်သက်သောမည်သည့်စွဲဆိုချက်တို့ကိုမဆို အဖွဲ့အစည်းသို့ လွယ်ကူစွာ တိုင်ကြားသော ပတ်ဝန်းကျင် တစ်ခုကို ၎င်းတို့တတ်နိုင်သလောက် ဆောင်ရွက်ဖန်တီးပေးနေသည်ဟု ထင်မြင်ကြသော်လည်း ကျန် ၄ ရာခိုင်နှုန်းကတော့ မထင်မြင်ကြပါ။

တက်ရောက်သူများသည် မေးခွန်းအားလုံးကို တက်ကြွစွာ ဖြေကြားခဲ့ကြပြီး အဖွဲ့လိုက်လုပ်ဆောင်မှုများ အားလုံးတွင် ပါဝင်ခဲ့ပါသည်။ သင်ခန်းစာလေ့ကျင့်မှုတစ်ခုလုံးတွင် case study တစ်ခုစီကို စိတ်ဝင်စားကြောင်း ပြသခဲ့ကြသည်။ သင်တန်းနှင့်ပတ်သက်ပြီး ချက်ချင်းအကောင်အထည်ဖော်ရမည့် အချက်များ မရှိပါ။ သို့သော် တက်ရောက်သူအရေအတွက် များပြားခြင်းနှင့် တက်ရောက်သူများ၏ PSEA နှင့်ပတ်သက်သည့် အသိပညာ ကွာဟမှုကြောင့် ဖြစ်ရပ်လေ့လာမှုများအတွင်း ထိထိရောက်ရောက် ဆွေးနွေးရန် အခက်အခဲ ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ တက်ရောက်သူအားလုံး၏တက်ကြွစွာပါဝင်မှုနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၏ PSEA ဆိုင်ရာစွမ်းရည်ကို အားကောင်းစေရန်အတွက် PSEA နှင့် GBV အကြောင်းပိုမိုရှင်းပြရန် ပါဝင်သူများမှ အဓိကအားဖြင့် တုံ့ပြန်ချက်ပေးပါသည်။ သင်တန်းစစချင်းတွင် ပါဝင်သူအားလုံးနှင့် Poll စစ်တမ်းကို ပြုလုပ်ခြင်းမှာ အလွန်ကောင်းမွန်သော လေ့ကျင့်ခန်းဖြစ်ကြောင်း ပါဝင်သူများက ဖော်ပြခဲ့ကြသည်။

တက်ရောက်သူများမှ အကြံပြုချက်များမှာ -

- PSEA နှင့် GBV အကြား ကွဲပြားခြားနားမှုများကို အုပ်စုလိုက် လေ့ကျင့်ခန်းများ ၊ case scenario များနှင့် ပိုမိုရှင်းပြရန်
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်း နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းများ အတွက် ဥပမာများနှင့် ဆွေးနွေးရန်
- တာဝန်ယူရမည့် အခန်းကဏ္ဍအလိုက် နောက်လာမည့်သင်တန်းအတွက် အဖွဲ့အစည်းတစ်ခုစီမှ ရာထူးအဆင့်ကို ခွဲထုတ်ရန်
- ရှမ်းပြည်နယ်မြောက်ပိုင်းရှိ CSO များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းကို အလေးပေးဆောင်ရွက်ရန်
- အစီရင်ခံခြင်း လမ်းကြောင်းအပါအဝင် အဖွဲ့ဝင်အဖွဲ့အစည်းအား ၎င်းတို့၏အဖွဲ့အစည်းအတွင်း သီအိုရီနှင့် လက်တွေ့အသုံးချနည်းကို လိုက်နာရန် စသည် ပါဝင်ပါသည် ။

## နိဂုံးချုပ်ခြင်း နှင့် ရှေ့ဆက်ရမည့်ခရီးလမ်း

PSEA အခြေခံ မိတ်ဆက်ခြင်း သင်တန်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အွန်လိုင်းမှတစ်ဆင့် အောင်မြင်စွာ ကျင်းပခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းအသီးသီး၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း တို့က တက်ကြွစွာ တက်ရောက်ခဲ့ကြသည် ။

ရှမ်းပြည်နယ်မြောက်ပိုင်း PSEA ကွန်ရက်အစည်းအဝေးကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကွန်ရက်၏တာဝန်နှင့်ဝတ္တရားများ (TOR) နှင့် ၂၀၂၂-၂၀၂၃ခုနှစ်အတွက် လုပ်ဆောင်မည့်အစီအစဉ်၊ လိုအပ်သည့်လုပ်ငန်းစဉ်များ စသည်ကို ဆွေးနွေးသွားကြမည် ဖြစ်သည်။ ကွန်ရက်အစည်းအဝေးကိုသုံးလတကြိမ်ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ၊ မေလ၊ ဩဂုတ်လနှင့် နိုဝင်ဘာလ၏ ပထမအပတ်သောကြာနေ့တွင် ပြုလုပ်မည်ဖြစ်သည်။ ထို့ပြင် ရှမ်းပြည်နယ်မြောက်ပိုင်း PSEAကွန်ရက်၏ PSEA နှစ်ရက်ကြာ သင်တန်းကို မတ်လ ၃ ရက်နှင့် ၄ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

သင်တန်းတစ်လျှောက်လုံးတွင် သင်တန်းတက်ရောက်သောဆရာ၊ ဆရာမများ၏ တက်တက်ကြွကြွ ပါဝင်မှုအတွက် လည်းကောင်း၊ နိုင်ငံအဆင့် PSEA ညှိနှိုင်းရေးမှူးအား ၎င်း၏ ပံ့ပိုးကူညီမှုနှင့် ဤသင်တန်းပို့ချပေးမှုအတွက်လည်းကောင်း ရှမ်းပြည်နယ်မြောက်ပိုင်း PSEA ကွန်ရက်ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် UNOCHA, UNFPA, စိုပြေမြန်မာတို့မှ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည် ။

## နောက်ဆက်တွဲများ

၁။ ပါဝင်သူစာရင်း

၂။ သင်တန်းအစီအစဉ်

၃။ တင်ပြချက်များ ( ပူးတွဲပါ )

၄ ။ သင်တန်းအကြို စစ်တမ်းရလဒ်များ

## နောက်ဆက်တွဲ ၁ - တက်ရောက်သူများစာရင်း

| No. | Name | Organization | Position | M/F |
|---|---|---|---|---|
| 1 | Nant Zar Ni Linn | YMCA | Project Coordinator | F |
| 2 | Thet Soe Aye | MRCS | Field Manager | F |
| 3 | Moe Thu Zar | Golden Pearl org: | Program Manager | F |
| 4 | No No Lin Naing | Golden Pearl org: | Admin & Finance Officer | F |
| 5 | Nang San Ngin Kham | Golden Pearl org: | Admin & Finance Assistant | F |
| 6 | Lway Plan Chee | TWO | Field Manager | F |
| 7 | Kyaw Thura | UNOCHA | Driver | M |
| 8 | U Htet Htet Hein | Golden Pearl org: | Project Assistant (Naung Hkio) | M |
| 9 | Thinzar Hlaing | IRC | Clinic Nurse (SRH) | F |
| 10 | Khan Dim | IRC | Clinic Nurse (SRH) | F |
| 11 | Daw Nang Mya Than | Golden Pearl | Project Assistant | F |
| 12 | Nang Seng Ngin Hein | Golden Pearl | Community Facilitator | F |
| 13 | U Aung Kyaw Min | Golden Pearl | Intern | M |
| 14 | Soe Khaing Win | VSO | MHPSS Facilitator | M |
| 15 | Aye Nyein Thu | Golden future | Program Manager | F |
| 16 | Nyan Lynn Htet | Golden Future | Office Administration Officer | M |
| 17 | Ok Tai May Rong | AFXB Myanmar | Case Manager | F |
| 18 | Aung Khaing Tun | Golden Pearl, Lashio | Data Assistant | M |
| 19 | Khant Min Tun | Golden Future | M & E Officer | M |
| 20 | Nang Kham Naw | IRC | Project Manager (Health) | F |
| 21 | Nang Yin Nu | IRC | Community Health Supervisor | F |
| 22 | Sann Yu Wai | IRC | Medical Doctor (SRH) | F |
| 23 | May Pann Hnin | IRC | Medical Doctor (SRH) | F |
| 24 | Nan Myat Moe Aye | WFP | Monitoring Assistant (PESA focal) | F |
| 25 | Aung Naing Zaw | WFP | Driver | M |
| 26 | Maw Maw Lwin | LCM | Regional Head & Advocate | F |
| 27 | Sann Yu Wai | IRC | Medical Doctor (SRH) | F |
| 28 | Vino | DCA | Programme assistant | F |

| | | | | |
|---|---|---|---|---|
| 29 | Kyaw Min Oo | Golden pearl lashio | Project Assistant | M |
| 30 | Su Su Hlaing | MRCS | Project Officer | F |
| 31 | Nang Laung Kham | IRC | Nurse Supervisor | F |
| 32 | Hnin Moe Lwin | LCM | Legal Aid Lawyer | F |
| 33 | Sai Htin Lin | WFP | Driver | M |
| 34 | AyeTun | WFP | Driver | M |
| 35 | Dr. Yon Lae Phyu | IRC | Clinic Team Supervisor | F |
| 36 | Tun Win | WFP | Driver | M |
| 37 | Myo Latt Pan Aung | LCM | Legal Aid Lawyer | F |
| 38 | Khin Hlaing | LCM | Paralegal | F |
| 39 | Nang Kham Kyauk | Golden pearl lashio | Community Facilitator | F |
| 40 | Khin Ohnmar Oo | WHH | Admin & HR Officer | F |
| 41 | Thandar Aung | Golden pearl lashio | Project Assistant | F |
| 42 | Sut Naw Ring | Golden pearl lashio | Project Assistant | M |
| 43 | Nang Hseng Swam | Golden pearl lashio | Community Facilitator | F |
| 44 | Nang Mauk San Phwe | MRCS | Assistant Project Support Officer | F |
| 45 | Mun Ja | KMSS | Project Officer | F |
| 46 | Lin Lin Naing | Golden pearl lashio | Community Facilitator | F |
| 47 | Nang Doi | KMSS | Response Officer | F |
| 48 | Mya Sandar Tun | Golden pearl lashio | Intern | F |
| 49 | Dr. Shun Lae Lae Aung | IRC | PHC medical doctor | F |
| 50 | Dr. Myat Pan Ei Khaing | MSI | Project officer | F |
| 51 | Nang Pan Nu | MSI | Project Assistant | F |
| 52 | Nang Hom Mawn Khay | MSI | Community Facilitator | F |
| 53 | Myo Myo Thu | FXB Myanmar | Communication Officer | F |
| 54 | Aye Su Mon | IRC | Mobile Nurse | F |
| 55 | Khin Kyi Nwe | MSF-H Lashio | Project Coordinator Support | F |
| 56 | Naw Hser Coo | DCA | GBV Programme Coordinator | F |
| 57 | Sai Kyaw Kham | MSI | Youth Counselor | M |
| 58 | Shun Ya Mon | IRC | Mobile Nurse | F |

| | | | | |
|---|---|---|---|---|
| 59 | Lum Nan | KMSS | Project manager | F |
| 60 | Nan Yee Hmue Kyaw | IRC | MHPSS counsellor | F |
| 61 | Haung Ze | MSI | OW | M |
| 62 | Sai Aung Myat Hein | MRCS | FS | M |
| 63 | Ja San Aung | MSI | OW | F |
| 64 | Chan Myae Htun | Sopyay Myanmar Development Organization(SMDO) | Liaison/Logistic & M&E Assistant | M |
| 65 | Zaw Myo Htut | MRCS | FS | M |
| 66 | Nang Mya Aung | IRC | Health Promotion and Clinic Assistant | F |
| 67 | Nwe Ni Myint Mg | SMDO | PSEA Focal /Project Assistant | F |
| 68 | U Seng Aung | MSI | NG | M |
| 69 | Myoe Ma Ma | Golden future PWDs | Logistic | F |
| 70 | Lway Poe Reang | IRC | Program manager | F |
| 71 | Moe San Pann | Golden future PWDs | Assistant Project Support Officer | F |
| 72 | Lway Kyi Kyi Aye | IRC | Response Officer | F |
| 73 | Sai Bhone Htet | Golden future PWDs | Officer | M |
| 74 | Aung thura kyaw | Golden future PWDs | Intern | M |
| 75 | Nyo Nyo San | Inn Sein May (Naunghkio)IRC Focal | Teamleader | M |
| 76 | Naw Nilaroo | YWCA | Program Coordinator | F |
| 77 | Mai Tin Cho Oo | DRC/ NSS/ LSO | Case Management Assistant | M |
| 78 | Kyaw Kyaw Soe | UNOCHA | Snr. Coordination Officer | M |
| 79 | Sai Phone Htet | Golden Future PWDs Development Organization | Officer | M |
| 80 | Zaw Myo Htut | FS - Tant yam | | M |
| 81 | Haung Ze | MSI(Youth Corner) Outreach worke | | M |
| 82 | Pann Naing Oo | CPI | Sr. Program Coordinator | M |
| 83 | Daw Sapal Tun | MRCS | Field Supervisor | F |

| | | | | |
|---|---|---|---|---|
| 84 | Daw Hnin Sandar Maw | Golden Pearl NHO | | F |
| 85 | U Bhome Khant Kyaw | Golden Pearl NHO | | M |
| 86 | Nar lu Dee | IRC | volunteer | F |
| 87 | Cho Nwe Htun | UNFPA | Program Assistant | F |
| 88 | Khin Htay Lwin | UNFPA | NPPP | F |
| 89 | Khin Hnin Si | IRC | volunteer | F |
| 90 | Daw Ah Nyi | IRC | volunteer | F |
| 91 | Daw Aye Aye | IRC | volunteer | F |
| 92 | Gin Shan Gin | IRC | volunteer | F |
| 93 | Daw Ai Thi | IRC | volunteer | F |
| 94 | Daw Nan Khan Aye | IRC | volunteer | F |
| 95 | Win Lwin | UNFPA | Driver | M |
| 96 | Pan Thandar Htun | UNOCHA | Coordination Specialist | F |

## နောက်ဆက်တွဲ ၂ - သင်တန်းအစီအစဉ်

• လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းများကို တားဆီးခြင်း

• ကျား-မအခြေခံ အကြမ်းဖက်မှုနှင့် ကလေးသူငယ် ကာကွယ်ရေး

• PSEA ကာကွယ်ခြင်း။

• PSEA ၏တုံ့ပြန်မှု

• ကုလသမဂ္ဂ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ပရိုတိုကော

• အစီရင်ခံမှု မူဘောင်

• Case Study

## နောက်ဆက်တွဲ ၃ - သင်တန်းတွင်ဆွေးနွေးသောအကြောင်းအရာများ

**Annex III. Presentation (attached)**

## နောက်ဆက်တွဲ ၄ - သင်တန်းအကြို စစ်တမ်း စစ်တမ်းရလဒ်များ

PSEA နှင့်ပတ်သက်ပြီး ပါဝင်သူများ၏ သဘောထားနှင့် လက်တွေ့လုပ်ဆောင်မှု တို့ကို သိရှိရန် စစ်တမ်းတစ်ခု ပြုလုပ်ခဲ့သည်။ စစ်တမ်းတွင် မေးခွန်း ၁၀ ခု ပါဝင်သည်။

မေးခွန်း ၁။ သင်၏ အဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်စဥ်က လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုကို တားမြစ်ကြောင်း ဖော်ပြသော စာရွက်စာတမ်း(ဥပမာ - လိုက်နာရမည့်ကျင့်ဝတ် သို့မဟုတ် အခြား)ကို ဖတ်ပြီး လက်မှတ်ထိုး ခဲ့ပါသလား။

က) လုပ်ခဲ့ပါသည်

ခ) မလုပ်ခဲ့ပါ

ဂ) မသိ/မမှတ်မိပါ

ဖြေဆိုမှု





မေးခွန်း ၂။ သင်၏ အဖွဲ့အစည်းတွင် စတင် အလုပ်လုပ်ခဲ့သော အချိန်မှစ၍ PSEA သင်တန်း တစ်မျိုးမျိုး တက်ရောက် သင်ယူ ဖူးပါသလား။

က) သင်ယူခဲ့ဖူးပါသည်

ခ) မသင်ယူခဲ့ဖူးပါ

ဖြေဆိုမှု





မေးခွန်း ၃။ PSEA ကိစ္စများကို မည်သည့်နေရာသို့ တိုင်ကြားရမည်ကို သိပါသလား?(သိရှိပါက မည်သည့်နေရာ ဖြစ်ကြောင်း ပြောပြပေးပါ)

က) သိရှိပါသည်

ခ) မသိရှိပါ


ဖြေဆိုမှု




မေးခွန်း ၄။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်သားတစ်ဦးအနေဖြင့် အကျိုးခံစားခွင့်ရှိသူတို့ အပေါ် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ ပြုမူသောအခါ သို့မဟုတ် လက်ခံနိုင်ဖွယ်ရာမရှိသော လိင်ပိုင်းဆိုင်ရာ ပတ်သက်မှုများ ပြုလုပ်သော အခါ နောက်ဆက်တွဲ မည်သည့်အရာများ ဖြစ်ပေါ် လာနိုင်ပါသနည်း။ ဖြစ်နိုင်သော အရာများအားလုံးကို ရွေးချယ်ပေးပါရန်။

က) အလုပ်ထုတ်ခံရနိုင်ပါသည်။
ခ) အရေးယူအပြစ်ပေးခံရနိုင်ပါသည်။
ဂ) စုံစမ်းစစ်ဆေးခြင်း ခံရကောင်း ခံရနိုင်ပါသည်။
ဃ) ရဲလက်သို့ အပ်ခြင်း ခံရကောင်း ခံရနိုင်ပါသည်။
င) ဘာအကျိုးသက်ရောက်မှုမှ မရှိနိုင်ပါ။


ဖြေဆိုမှု




မေးခွန်း ၅။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်သားတစ်ယောက် အနေဖြင့် လိင်ကိစ္စအတွက် ပတ်သက်နိုင်သော လူတစ်ယောက်အတွက် အနိမ့်ဆုံးပြည့်မီရမည့် အသက်သည် ဘယ်နှစ်နှစ်ဖြစ်သနည်း။

က) မြန်မာနိုင်ငံမှ ပြဋ္ဌာန်းထားသော လိင်ကိစ္စအတွက် အလိုတူနိုင်သော အသက်
ခ) ၁၆နှစ်
ဂ) ၁၈နှစ်
ဃ) ၂၁နှစ်
င) မသိပါ
စ) အခြား

ဖြေဆိုမှု





မေးခွန်း ၆။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်သားတစ်ဦးအနေဖြင့် လိင်လုပ်သားများ (ပြည့်တန်ဆာ) နှင့် အခကြေး ငွေပေးကာ လိင်ဆက်ဆံခွင့်ရှိသော အခြေအနေမျိုးရှိပါသလား။

က) ရှိပါသည်

ခ) မရှိပါ

ဂ) မသိပါ

ဖြေဆိုမှု




မေးခွန်း ၇။ သင်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဦးအား လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်သည်ဟု စွပ်စွဲကြောင်း သင်ကြားရသော်လည်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှုလော၊ အမြတ်ထုတ်မှုလော သို့မဟုတ် အလွဲသုံးစားပြုမှုလော မသေချာဟု ဆိုပါစို့။ သင်မည်ကဲ့သို့ လုပ်သင့်သနည်း။

က)ကျွန်ုပ်ထံတွင် အချက်အလက်များ အားလုံးမရှိသေးသော်လည်း ကျွန်ုပ်၏အဖွဲ့အစည်းသို့ တိုင်ကြား ခြင်း

ခ) ထိုအကြောင်းကို မတိုင်ကြားခင် ကိုယ်တိုင် စုံစမ်းစစ်ဆေးမှု အရင် ပြုလုပ်ခြင်း

ဂ) ဤအရာသည် ပုဂ္ဂိုလ်ရေးကိစ္စဖြစ်ပြီး တခြားမည်သူကိုမှ ထိုအကြောင်းကို မပြောသင့်ပါ

ဖြေဆိုမှု





မေးခွန်း ၈။ သင် သို့မဟုတ် သင်၏ အဖွဲ့အစည်းက ရပ်ရွာလူထုကို ဝန်ထမ်းများ၏ လုပ်ငန်းကျင့်ဝတ်ကို အသိပေးထားသည်ဟု သင်သိထားပါသလား။ ထိုအရာများသည် ဆွေးနွေးပွဲများ၊ ရေဒီယိုမှ သတင်းပေးခြင်းများ၊ ပိုစတာများ စသည်ဖြင့် အသိပညာပေးမြှင့်တင်ခြင်း လုပ်ဆောင်ချက်များ ဖြစ်နိုင်ပါသည်။

က) အသိပေးပါသည်

ခ) အသိမပေးပါ

ဂ) မသိပါ

ဖြေဆိုမှု





မေးခွန်း ၉။ အကျိုးခံစားခွင့်ရှိသူ အနေဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း ကိစ္စတစ်ခုကို ဘေးအန္တရာယ်ကင်းကင်းဖြင့် စွဲဆိုတိုင်ကြားနိုင်သော လမ်းကြောင်း တစ်ခုရှိသည်ဟု ထင်ပါသလား။

က) တိုင်ကြားရေးလမ်းကြောင်းများကို ၎င်းတို့ အသုံးပြုနိုင်ပါသည်။

ခ) တိုင်ကြားရေးလမ်းကြောင်းများကို ၎င်းတို့ အသုံးမပြုနိုင်ပါ

ဖြေဆိုမှု




မေးခွန်း ၁၀။ သင်၏ ထင်မြင်ချက်အရ သင့်အဖွဲ့အစည်း၏ ခေါင်းဆောင်မှု သို့မဟုတ် အကြီးတန်းအုပ်ချုပ်ရေးမှူးများမှ SEA နှင့် ပတ်သက်သောမည်သည့်စွဲဆိုချက်တို့ကိုမဆို အဖွဲ့အစည်းသို့ လွယ်ကူစွာ တိုင်ကြားသော ပတ်ဝန်းကျင် တစ်ခုကို ၎င်းတို့တတ်နိုင်သလောက် ဆောင်ရွက်ဖန်တီးပေးနေပါသလား။

က) ဖန်တီးပေးနေပါသည်

ခ) မဖန်တီးပေးပါ

**ဖြေဆိုမှု**

၁၀။ သင်၏ ထင်မြင်ချက်အရ သင့်အဖွဲ့အစည်း၏ ခေါင်းဆောင်မှု သို့မဟုတ် အကြီးတန်း အုပ်ချုပ်ရေးမှူးများမှ SEA နှင့် ပတ်သက်သောမည်သည့်စွဲဆိုချက်တို့ကိုမဆို အဖွဲ့အစည်းသို့ လွယ်ကူစွာ တိုင်ကြားသော ပတ်ဝန်းကျင် တစ်ခုကို ၎င်းတို့တတ်နိုင်သလောက် ဆောင်ရွက်ဖန်တီးပေးနေပါသလား။

